**Archbishop's House**
Corner of 25th x 81st Street,
Mandalay 05071, Myanmar
Tel: + 95 9 421 199 277, + 95 9 446 742 447
Email: archdiomdy2019@gmail.com

စာအမှတ် P 004/20

မန္တလေးမြို့
၂၀၂၀ ခုနှစ်၊ မတ်လ ၂၄ ရက်

**<u>အကြောင်းအရာ</u>** **မန္တလေးကက်သလစ်သာသနာအတွင်းမှ ဘုန်းတော်ကြီးများနှင့် ဘာသာဝင်များ သိရှိလိုက်နာကြရန် ၂၂၊ ၃၊ ၂၀၂၀ ရက်စွဲဖြင့် ပြုလုပ်သော အစည်းဝေးနှင့်အညီ ညွှန်ကြားချက်**

၁။ မန္တလေးကက်သလစ်သာသနာအတွင်းရှိ ဘုရားရှိခိုးကျောင်းများတွင် မတ်လ (၂၅) ရက်မှ ဧပြီလ (၃၀) ရက်နေ့အထိ လူပရိတ်သတ်နှင့် ပူဇော်သော မစ္ဆားတရားအပါအဝင် တခြားမည်သည့် ဝတ်ပြုကိုးကွယ်ခြင်းကိုမှ မပြုလုပ်ကြရန်။

၂။ ဤရက်များအတွင်း ယခင်က မိမိတို့ဘုရားကျောင်းတွင် ပြုလုပ်မြဲဖြစ်သော နေ့စဉ် + တနင်္ဂနွေနေ့ မစ္ဆားအချိန်များတွင် ဘုန်းတော်ကြီးတစ်ပါးတည်း ဝတ်ပြုပူဇော်ရန်နှင့် ဘာသာဝင်များအနေနှင့် ထိုအချိန်များတွင် မိမိတို့အိမ်မှ စိတ်ဖြင့် ရည်စူးပါဝင်ဝတ်ပြုနိုင်ကြစေရန် အသိပေးထားကြပါရန်။

၃။ မလွဲမရှောင်သာသော ကိစ္စဖြစ်သည့် ရှာပနကိစ္စရပ်များကို ဘုရားရှိခိုးကျောင်းတွင်းသို့ မသွင်းဘဲ နာရေးအိမ်မှ မဖြစ်မနေပါဝင်ရသော မိသားစုအနည်းငယ်နှင့်သာ သုသာန်သို့ သယ်ဆောင် သင်္ဂြိုဟ်ကြရန်။ (Coronavirus Disease (Covid 19) သံသယမရှိသော ရှာပနများကိုသာ ရည်ညွှန်းသည်။)

၄။ ဘုန်းတော်ကြီးများအနေနှင့် သက်ကြီးရွယ်အိုများနှင့် Coronavirus Disease (Covid 19) သံသယမရှိသော လူနာများကို စက္ကရမင်တူးများခံယူနိုင်ကြစေဖို့ စီစဉ်ဆောင်ရွက်ပေးကြပါရန်။

၅။ ဘုန်းတော်ကြီးတစ်ပါးတည်း မစ္ဆားတရားပူဇော်ခြင်းများကို Mdy-OSC နှင့် RVA Myanmar Service မှ တိုက်ရိုက် Live ထုတ်လွှင့်ပေးပါမည်။

× ပြောင်းလဲနေသော အခြေအနေအမျိုးအမျိုးအပေါ် မူတည်၍ -

ဒေသခံအာဏာပိုင်များနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာဆရာတော်ကြီးများ၏ လမ်းညွှန်ချက်များနှင့်အညီ ထပ်မံ၍ သီးခြားညွှန်ကြားချက်များ မပြုလုပ်မခြင်း ဤလမ်းညွှန်ချက်သည် မန္တလေးကက်သလစ်သာသနာအတွက် အတည်ဖြစ်သည်။

+ ဘုရားရှင်သည် သင်တို့အားလုံးကို ကောင်းချီးပေး၍ ကာကွယ်တော်မူပါစေ။

+ ဘုရားမယ်တော်မာရိယား စောင့်ရှောက်ပါစေဟု ဆုတောင်းပေးနေလျက်။

အမှုတော်မြတ်၌

+ [signature]

ဆရာတော် မာကု တင်ဝင်း
မန္တလေးကက်သလစ်သာသနာပိုင်

**ကက်သလစ်ဆရာတော်ကျောင်းတိုက်**
၈၂ လမ်း – ၂၅ × ၂၆ လမ်းကြား၊ မန္တလေးမြို့။